TMH TELECOM PUBLIC COMPANY LIMITED

YSX CODE 00005

---

**အမှုဆောင်အရာရှိချုပ် အလုပ်မှ နုတ်ထွက်ကြောင်းအသိပေးခြင်း**

---

TMH Telecom Public Co., Ltd. ၏ အမှုဆောင်အရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသော Mr. Messi Li သည် ၄င်း၏ အခွင့်အလမ်းနှင့် ကိုယ်ရေးကိုယ်တာကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၈ ခုနှစ်၊ ဧပြီလ (၃၀) ရက်နေ့မှစ၍ ရာထူးမှနုတ်ထွက်မည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ အဆိုပါတင်ပြလာသည့် ကိစ္စရပ်အား ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ဒါရိုက်တာအဖွဲ့အစည်းအဝေးတွင် အတည်ပြုဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

Mr. Messi Li သည် စတင်တာဝန်ထမ်းဆောင်စဉ်ကာလမှ ယခုချိန်အထိ ကုမ္ပဏီမှယုံကြည်အားကိုးရသော အမှုဆောင်အရာရှိချုပ်တစ်ဦးအဖြစ် စီမံခန့်ခွဲခဲ့သည့်အပြင် ကုမ္ပဏီ၏အကျိုးဖြစ်ထွန်းမှုများ၊ ရန်ကုန်စတော့အိပ်ချိန်းစာရင်းဝင်ကုမ္ပဏီဖြစ်လာစေရေးလုပ်ငန်းစဉ်များတွင် ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ခဲ့သည့်အတွက် ဒါရိုက်တာအဖွဲ့မှ အသိအမှတ်ပြုပါသည်။

ဒါရိုက်တာအဖွဲ့အနေဖြင့် အစားထိုးပြောင်းလဲပေးမည့်အစီအစဉ်အရ အမှုဆောင်အရာရှိချုပ်အသစ်ကို အမြန်ဆုံးခန့်အပ်နိုင်ရန် စီစဉ်လျက်ရှိပြီး ခန့်အပ်ပြီးပါက အသိပေးကြေငြာသွားမည်ပြီး ကြားကာလအတွင်း လုပ်ငန်းလည်ပတ်မှုယန္တရားကို ဆက်လက်ကောင်းမွန်စေရန်အတွက် အုပ်ချုပ်မှုဒါရိုက်တာ ဦးသီဟလွင်မှ ခေတ္တဆက်လက်တာဝန်ယူ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့၏ အမိန့်အရ

ဦးသီဟလွင်

အုပ်ချုပ်မှုဒါရိုက်တာ

၂၀၁၈ခုနှစ် ၊ဧပြီလ ၂၃ ရက်။

---

**Address : No. 54, Eastern Business Centre,Level 4&5, Lay Daung Kan Road, Thingangyun T/S, Yangon, Myanmar**

**Phone : +951 8550348, +951 8550936**

**Website:** www.tmhtelecom.com